ဆိုက်ဘာလုံခြုံရေးအသိပညာပေး ဗီဒီယိုပြိုင်ပွဲ - ၂၀၂၃ (တက္ကသိုလ်အဆင့်)
ပြိုင်ပွဲဝင်များ ဖိတ်ခေါ်ခြင်း

## ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်

၁။ ဆိုက်ဘာလုံခြုံရေး နှင့်ပတ်သက်၍ အသိပညာများ တိုးတက်လာစေရန်၊ ကျောင်းသားများ အနေဖြင့် လက်ရှိ ဒစ်ဂျစ်တယ်နည်းပညာနှင့်ပတ်သက်၍ ဝေဖန်ပိုင်းခြားတွေးခေါ်မှု တိုးတက်လာစေရေး တွန်းအားပေးရန်၊ ကျောင်းသားများ၏ အရည်အသွေးနှင့် အရည်အချင်းများကို ပြသရန်၊ နိုင်ငံတွင်း လိုအပ်လာမည့် လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ပေးနိုင်စေရေးအတွက် ဆိုက်ဘာ လုံခြုံရေးနှင့်ပတ်သက်၍ လူငယ်များ၏ စိတ်ပါဝင်စားမှုအား မြှင့်တင်ရန်၊ ဒေသတွင်းနိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်သော အခွင့်အရေးများရရှိစေရန်၊ တက္ကသိုလ်များ၊ ပညာရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းအား မြှင့်တင်နိုင်စေရန်နှင့် ပြိုင်ပွဲတွင် ပထမဆုရရှိသော Video ဖိုင်အား ဘရူနိုင်းနိုင်ငံ၊ Cyber Security Brunei က Online မှတစ်ဆင့် တာဝန်ယူကျင်းပပြုလုပ်မည့် ASEAN-JAPAN Cybersecurity Awareness Video Competition (2023) ပြိုင်ပွဲသို့ နိုင်ငံကိုယ်စားပြု ပေးပို့ယှဉ်ပြိုင်နိုင်ရေး ဆောင်ရွက်သွားရန်။

| | | |
|---|---|---|
| ပြိုင်ပွဲကျင်းပမည့် နေရာ | - | Online |
| ဗီဒီယိုဖိုင်တင်သွင်းရန် နောက်ဆုံးရက် | - | ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက် |
| ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပမည့်ရက် | - | ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ တတိယပတ်။ |
| ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပမည့်နေရာ | - | ရုံးအမှတ် (၂)၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်။ |

## ချီးမြှင့်မည့်ဆုများ

၂။ ချီးမြှင့်မည့်ဆုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ပထမဆု - ငွေကျပ် (၁၅)သိန်း၊ ဆုတံဆိပ် နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ။

(ခ) ဒုတိယဆု - ငွေကျပ် (၁၀)သိန်း၊ ဆုတံဆိပ် နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ။

(ဂ) တတိယဆု - ငွေကျပ် (၇)သိန်း၊ ဆုတံဆိပ် နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ။

(ဃ) နှစ်သိမ့်ဆု - ငွေကျပ် (၃)သိန်း၊ ဆုတံဆိပ် နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ။

(င) နှစ်သိမ့်ဆု - ငွေကျပ် (၃)သိန်း၊ ဆုတံဆိပ် နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ။

**ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသူများ**

၃။ ပြိုင်ပွဲဝင်များအနေဖြင့် အောက်ပါအချက်အလက်များနှင့် ကိုက်ညီရပါမည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသား ဖြစ်ပြီး မြန်မာနိုင်ငံအတွင်း လက်ရှိနေထိုင်ဆဲ ဖြစ်ရမည်။

(ခ) ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် ကျောင်းသား/သူသည် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့တွင် အသက် (၃၀) နှစ်ထက်မကြီးစေရ။

(ဂ) မြန်မာနိုင်ငံရှိ တက္ကသိုလ် တစ်ခုခုတွင် လက်ရှိပညာသင်ကြားနေဆဲဖြစ်ရမည်။

(ဃ) အထက်ပါအချက်များနှင့်ပတ်သက်၍ ပြိုင်ပွဲဝင်သူမှ ခံဝန်ကတိလွှာရေးထိုးရမည်ဖြစ်ပြီး ယင်းခံဝန်ကတိလွှာအား သက်ဆိုင်ရာ ကျောင်းတာဝန်ရှိသူမှ အတည်ပြု ထောက်ခံပေးရမည်။

(င) ပြိုင်ပွဲဝင်ဗီဒီယိုဖိုင်တစ်ခုအတွက် ကျောင်းသား/သူတစ်ဦး၏ အမည်ဖြင့်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

**ပြိုင်ပွဲတွင် ရွေးချယ်နိုင်သော အကြောင်းအရာ (Suggested Themes)**

၄။ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်သူတစ်ဦးသည် ခေါင်းစဉ်တစ်ခုသာ ယှဉ်ပြိုင်ခွင့်ရှိပြီး အောက်ပါ အကြံပြုထားသော အကြောင်းအရာ ခေါင်းစဉ်များဖြင့် ဝင်ရောက် ယှဉ်ပြိုင်နိုင်မည်ဖြစ်ပါသည်-

(က) Protecting personal information online

(ခ) Creating strong, secure passwords

(ဂ) Recognizing and avoiding phishing scams

(ဃ) Child online safety

(င) Social media safety

(စ) Protecting yourself against online scams

မှတ်ချက်။ ဖော်ပြထားသော အကြံပြုခေါင်းစဉ်များအပြင် အခြား ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ခေါင်းစဉ်များလည်း ရိုက်ကူးတင်ဆက်နိုင်ပါသည်။

## ပြိုင်ပွဲဝင်ဗီဒီယိုဖိုင်များအတွက် စည်းကမ်းချက်များ

၅။ စည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဆိုက်ဘာလုံခြုံရေးနှင့် ပတ်သက်သည့် အသိပညာပေး ဗီဒီယိုဖိုင် ဖြစ်ရမည်။

(ခ) ပြိုင်ပွဲဝင်ဗီဒီယိုဖိုင်သည် စက္ကန့် (၃၀) မှ စက္ကန့် (၆၀) အတွင်း ဖြစ်ရမည်။

(ဂ) ပြိုင်ပွဲဝင်ဗီဒီယိုဖိုင်၏ အရည်အသွေးသည် 1080P (1920 x 1080 pixel) ရှိရမည်။

(ဃ) ပြိုင်ပွဲဝင်ဗီဒီယိုဖိုင်၏ Format မှာ - MP4 သို့မဟုတ် MOV ဖြစ်ရမည်။

(င) ပြိုင်ပွဲဝင်ဗီဒီယိုဖိုင်တွင် ပြောဆိုသည့် အကြောင်းအရာများအား English ဘာသာဖြင့် ရှင်းလင်းပြတ်သားစွာ စာတမ်းထိုးပေးရမည်။

(စ) ပြိုင်ပွဲဝင်ဗီဒီယိုဖိုင်အား ဖန်တီးရာတွင် အခြားသူ၏ မူပိုင်ခွင့်၊ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှု အခွင့်အရေးတို့အား မချိုးဖောက်ရ။ ကိုယ်ပိုင်ဖန်တီးမှု ဖြစ်ရမည်။ (မူပိုင်ခွင့် ဟုဆိုရာတွင် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်၊ စာပေနှင့် အနုပညာမူပိုင်ခွင့်၊ တီထွင်မှု မူပိုင်ခွင့်၊ အခြားသူ/ အခြားသော အဖွဲ့အစည်းများ၏ ကိုယ်ရေးကိုယ်တာ အခွင့်အရေးနှင့် အခြားသောမူပိုင်ခွင့် အမျိုးအစားများ ပါဝင်ပါသည်။)

(ဆ) ပြိုင်ပွဲဝင်ဗီဒီယိုဖိုင်တွင် ညစ်ညမ်းအသုံးအနှုန်းများ၊ မသင့်လျော်သော အပြုအမူများ၊ အရက်သေစာ သောက်စားခြင်း၊ ဆေးလိပ်သောက်သုံးခြင်း၊ ပြိုင်ပွဲရည်ရွယ်ချက်နှင့် မသက်ဆိုင်သော အကြောင်းအရာများ၊ နိုင်ငံရေး၊ ဘာသာရေး၊ လူမျိုးရေးနှင့် ပုဂ္ဂိုလ်ရေး တို့အား ထိခိုက်စေသည့် အပြုအမူ၊ အပြောအဆိုများ မပါရှိစေရ။

(ဇ) ပြိုင်ပွဲဝင်ဗီဒီယိုဖိုင်များအား အမျိုးသားဆိုက်ဘာလုံခြုံရေးဗဟိုဌာနအနေဖြင့် အကျိုးအမြတ်မယူဘဲ အသိပညာပေးအစီအစဉ်များတွင် အသုံးချခွင့်ရှိပြီး လူမှုကွန်ရက်များ၊ ဌာနပိုင် Website များနှင့် အခြား မီဒီယာများတွင် လွှင့်တင်ခြင်းနှင့် တစ်ဆင့်ပြန်လည်ဖြန့်ဝေခြင်းတို့ကို သိရှိသဘောတူရပါမည်။

(ဈ) ပြည်တွင်းတွင် ပထမဆုရရှိသည့် ဗီဒီယိုဖိုင်အား ဘရူနိုင်းနိုင်ငံ၊ Cyber Security Brunei က Online မှတစ်ဆင့် တာဝန်ယူကျင်းပပြုလုပ်မည့် အာဆီယံ-ဂျပန် Cybersecurity Awareness Video Competition (2023) ပြိုင်ပွဲသို့ နိုင်ငံကိုယ်စားပြု ပေးပို့ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ဆုရရှိပါက ပထမဆုအတွက် အမေရိကန်ဒေါ်လာ ၂၀၀၀၊ ဒုတိယဆုအတွက် အမေရိကန် ဒေါ်လာ ၁၅၀၀ နှင့် တတိယဆုအတွက် အမေရိကန်ဒေါ်လာ ၁၀၀၀ အသီးသီး ချီးမြှင့်သွားမည်ဖြစ်ပါသည်။

(ည) ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်သူများအနေဖြင့် မိမိတို့ ယှဉ်ပြိုင်မည့် ဗီဒီယိုဖိုင်များအား ပြိုင်ပွဲကျင်းပရေးကော်မတီထံသို့ အီးမေးလ်မှတစ်ဆင့် ဖြစ်စေ၊ CD/ DVD သို့မဟုတ် USB တွင် ထည့်သွင်း၍ဖြစ်စေ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက် (သောကြာနေ့) ၁၆း၀၀ နာရီ မတိုင်မီ ပေးပို့ယှဉ်ပြိုင်ရမည်။

## ပြိုင်ပွဲစည်းမျဉ်းအမှတ်ပေးပုံစံ

၆။ ပြိုင်ပွဲစည်းမျဉ်းအမှတ်ပေးပုံစံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အကြောင်းအရာခေါင်းစဉ်နှင့်ပတ်သက်၍ ရှင်းလင်းထိရောက်စွာဖော်ပြနိုင်မှု - ၅၀%

(ခ) တီထွင်ဖန်တီးပုံဖော်နိုင်မှု - ၂၅%

(ဂ) ဗီဒီယိုဖိုင်၏ အရည်အသွေးကောင်းမွန်မှု - ၂၅%

## ပေးပို့ရန်လိပ်စာ

၇။ ပြိုင်ပွဲဝင်လျှောက်လွှာနှင့် ဗီဒီယိုဖိုင်ကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက် (သောကြာနေ့) ၁၆း၀၀ နာရီ မတိုင်မီ အောက်ပါလိပ်စာသို့ ပေးပို့ယှဉ်ပြိုင်ရမည်ဖြစ်ပြီး၊ ကော်မတီသို့ ဖုန်းဖြင့် ဆက်သွယ်၍ လက်ခံရရှိကြောင်း အတည်ပြုချက် ရယူရမည် -

အီးမေးလ် - competitions@ncsc.gov.mm

ဖုန်း - ၀၆၇ - ၃၄ ၂၂၂ ၇၂

လိပ်စာ - အမျိုးသားဆိုက်ဘာလုံခြုံရေးဗဟိုဌာန

NCSC အဆောက်အဦ၊ ဇမ္ဗူကျက်သရေလမ်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။

မှတ်ချက် ။ စည်းကမ်းချက်များနှင့် ကိုက်ညီခြင်းမရှိသော၊ သတ်မှတ်ချိန်ထက် နောက်ကျ၍ ရောက်ရှိလာသော ဗီဒီယိုဖိုင်များအား အမှတ်ပေးရွေးချယ်ရာတွင် ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၈။ ပြိုင်ပွဲအကြောင်း အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် - ၀၆၇-၃၄၂၂၂၇၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**